# Fifteenth Sunday in Ordinary Time

## 1st READING: *AM 7:12-15*

### အာမုတ်အနာဂတ္တိကျမ်း ၇း ၁၂–၁၅

အာမုတ်ကိုလည်းခေါ်၍၊ အိုပရောဖက်၊ ယုဒပြည်သို့ ပြေးသွားလော့။ ထိုပြည်မှာ ပရောဖက်ပြု၍ အသက်မွေးလော့။ ထိုပြည်မှာ ပရောဖက်မပြု၍ အသက်မွေးလော့။ နောက်တဖန်ဗေသလမြို့တဘက်၌ ပရောဖက်မပြုနှင့်။ ရှင်ဘုရင်၏ သန့်ရှင်းရာ ဌာနတော်ဖြစ်၏။ နန်းတော်တည်ရာ မြို့လည်းဖြစ်၏ ဟုဆိုလျှင်၊ အာမုတ်က၊ ငါသည်ပရောဖက် မဟုတ်၊ ပရောဖက်၏ သားလည်းမဟုတ်ဘဲ၊ နွားကျောင်းသောသူ၊ သဖန်းသီးကိုဆွတ်သောသူဖြစ်စဉ်အခါ၊ ထာဝရဘုရားသည် နွားကျောင်းရာမှငါ့ကိုနှုတ်ရာ၍၊ သင်သွားလော့။ ငါ၏လူဣသရေလအမျိုးတွင် ပရောဖက်ပြု လော့ဟု မိန့်တော်မူ၏။

### ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Ps  85:9-10, 11-12, 13-14

**ဆာလံ ၈၅**

**သံပြိုင်။ ။ အိုဘုရားသခင်တပည့်တော်တို့၏ကယ်တင်ရှင်၊ တပည့်တော်တို့ကိုပြန်လည်ထူထောင်တော်မူပါ။**

**၁။** အိုထာဝရဘုရားမိန့်တော်မူရာကိုငါနားထောင်မည်။ အကြောင်းမူကားကိုယ်တော်သည်မိမိ၏သန့်ရှင်းသူများတည်းဟူ
သောမိမိလူမျိုးအားငြိမ်းချမ်းရေးကိုကတိထားတော်မူပြီ။ ဘုန်းဂုဏ်တော်သည်ငါတို့ပြည်တွင်တည်နေရန်ကိုယ်တော်၏
ကယ်တင်တော်မူခြင်းသည်ကိုယ်တော်ကိုကြောက်ရွံ့သောသူတို့အနီးတွင်အမှန်စင်စစ်တည်ရှိတော်မူ၏။ **(သံပြိုင်)**

၂။ ချစ်ခြင်းမေတ္တာနှင့်သစ္စာစောင့်သိခြင်းတို့သည်တွေ့ဆုံကြလိမ့်မည်။ ဖြောင့်မတ်ခြင်းတရားနှင့်ငြိမ်းချမ်းရေးတို့သည်
တစ်ဦးနှင့်တစ်ဦးနမ်းရှုပ်ကြလိမ့်မည်။ သစ္စာစောင့်သိခြင်းသည်မြေကြီးမှထွက်ပေါ်လာလိမ့်မည်။ဖြောင့်မတ်ခြင်းတရား
သည်ကောင်းကင်မှငုံ့ကြည့်ပေလိမ့်မည်။ **(သံပြိုင်)**

၃။ ထာဝရဘုရားသည်ကောင်းမြတ်ရာကိုပေးသနားတော်မူ၍ငါတို့ပြည်သည်ကောက်ပဲသီးနှံတို့ကိုဖြစ်ထွန်းစေမည်။
ဖြောင့် မတ်ခြင်းသည်ကိုယ်တော်၏ရှေ့တော်မှသွား၍ကိုယ်တော်၏ခြေလှမ်းများအတွက်လမ်းခင်းပေးလိမ့်မည်။
**(သံပြိုင်)**

## 2nd READING: *Eph 1:3-14*

ဖေက်ဆွသဝါဒစာ **၁း၃–၁၄**

ငါတို့၏အဖဘုရားသခင်နှင့်သခင်ယေရှုးခရစ်တော်သည်ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းကိုသင်တို့အားပေးသနားတော်မူပါစေ။ ငါတို့သည်ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းရှိခြင်းအားဖြင့်ရှေ့တော်တွင်အပြစ်ဆိုဘွယ်မရှိဘဲ၊ သန့်ရှင်းမြင့်မြတ်သူများဖြစ်ကြစေရန်၊ကမ္ဘာမတည်ရှိမီကပင်ငါတို့ကိုဘုရားသခင်ရွေးချယ်ထားတော်မူပေသည်။ ဘုရားသခင်၏မေတ္တာတော်ကြောင့်၊ ငါတို့ကိုကိုယ်တော်၏သားသမီးများဖြစ်ကြစေရန်ခရစ်တော်ယေရှုအားဖြင့်ရွေးကောက်တော်မူပြီးဖြစ်သည်။ ဤကားကိုယ်တော်၏နှစ်လိုဖွယ်ရာနှင့်ဦးတည်ချက်ဖြစ်သည်။ ကိုယ်တော်ချစ်မြတ်နိုးတော်မူသောသားတော်အားဖြင့်ငါတို့အားအခမဲ့ပေးသနားတော်မူသည့်ဘုန်းအသရေနှင့်ပြည့်စုံသောကျေးဇူးတော်အတွက်ငါတို့သည်ဘုရားသခင်အားချီးမွမ်းထောပနာပြုကြပါသည်။ ငါတို့သည်ခရစ်တော်အသေခံတော်မူခြင်းကြောင့်၊ မိမိတို့အပြစ်၏အနှောင်အဖွဲ့မှလွတ်မြောက်ကြရ၏။ တစ်နည်းအားဖြင့်ငါတို့၏အပြစ်များအခွင့်လွှတ်ခြင်းချမ်းသာကိုရကြ၏။ ငါတို့အားဘုရားသခင်ဤကဲ့သို့ရက်ရောစွာပေးတော်မူသည့်ကျေးဇူးတော်သည်အလွန်ကြီးမြတ်လှပါသည်တကား။ ကိုယ်တော်သည်ခပ်သိမ်းသောဉာဏ်ပညာ၊ အသိပညာနှင့်ပြည့်စုံကြွယ်ဝတော်မူသည်နှင့်အညီမိမိရည်ရွယ်ချက်အတိုင်းပြုတော်မူ၍ခရစ်တော်အားဖြင့်နက်နဲသောအကြံအစည်တော်ကိုငါတို့အားသိစေတော်မူပြီ။ဤအကြံအစည်တော်ကား၊အချိန်တန်သောအခါခရစ်တော်အားဦးစီးခေါင်းဆောင်ပြုစေလျက်၊ မိုးမြေ၌ရှိသမျှသောဖန်ဆင်းခြင်းခံရာများကိုစုစည်းစေရန်ပင်ဖြစ်သတည်း။ ခပ်သိမ်းသောအရာတို့သည်ဘုရားသခင်၏အကြံအစည်တော်နှင့်အညီ၊ ကိုယ်တော်ဆုံးဖြတ်တော်မူသည့်အတိုင်းဖြစ်ပျက်ကြရ၏။ ဘုရားသခင်သည်မိမိအလိုတော်အရရှေးမဆွကပြုတော်မူသည့်စီရင်ဆုံးဖြတ်ချက်ကိုအခြေခံ၍ငါတို့အားခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်စေလျက်မိမိ၏လူမျိုးတော်အဖြစ်ဖြင့်ရွေးချယ်တော်မူပေသည်။ သို့ဖြစ်၍ခရစ်တော်ကိုဦးစွာပထမ၊ မျှော်လင့်ခဲ့ကြသောငါတို့သည်ဘုရားသခင်၏ဂုဏ်ကျက်သရေတော်ကိုချီးကျူးကြကုန်စို့။ သင်တို့လည်းကယ်တင်ခြင်းဆိုင်ရာသတင်းကောင်းတည်းဟူသောသမ္မာတရားတော်ကိုကြားကြရသောအခါဘုရားသခင်၏လူမျိုးတော်ဝင်ဖြစ်လာကြ၏။ သင်တို့သည်ခရစ်တော်ကိုယုံကြည်ကြ၍ဘုရားသခင်သည်မိမိကတိထားတော်မူသည့်မွန်မြတ်သောဝိညာဉ်တော်ကိုပေးသနားတော်မူခြင်းအားဖြင့်သင်တို့အားကိုယ်တော်ပိုင်တော်မူကြောင်းတံဆိပ်ခတ်နှိပ်တော်မူ၏။ ဝိညာဉ်တော်သည်ဘုရားသခင်၏လူမျိုးတော်အားကတိထားတော်မူသည့်အတိုင်း၊ ငါတို့ခံစားရမည် ဖြစ်ကြောင်းအာမခံချက်ပေးတော်မူ၏။ သို့ဖြစ်၍ဘုရားသခင်သည်မိမိပိုင်တော်မူသောသူတို့အားလုံးဝလွတ်မြောက်စေတော်မူမည်ဖြစ်ကြောင်းငါတို့သည်ယုံကြည်စိတ်ချနိုင်ပေသည်။ ငါတို့သည်ကိုယ်တော်၏ဂုဏ်ကျက်သရေတော်ကိုချီးကျူးထောပနာပြုကြပါစို့။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** Mark 6:7-13

ရှင်မာကုဧဝံဂေလိကျမ်း ၆း ၇–၁၃

ကိုယ်တော်သည်တပည့်တော်၏တစ်ဆယ့်နှစ်ပါးတို့ကိုအထံတော်သို့ခေါ်တော်မူ၍၊ သူတို့ကိုနှစ်ပါးစီစေလွှတ်တော်မူလျက် ညစ်ညူးသောနတ်ဆိုးတို့ကိုနှင်ထုတ်နိုင်သောအခွင့်အာဏာကိုလည်းသူတို့အားအပ်နှင်းတော်မူ၏။ ထို့ပြင်ကိုယ်တော်က လမ်းခရီးအတွက်တောင်ဝှေးမှလွဲ၍မည်သည့်အရာကိုမျှသင်တို့ယူဆောင်မသွားကြနှင့်။စားစရာလွယ်အိတ်၊ခါးပိုက်ဆောင် အိတ်၌ငွေကြေးစသည်တို့ကိုယူဆောင်မသွားကြနှင့်။ ဖိနပ်ကိုစီးကြလော့၊ အင်္ကျီကိုမူကား၊ နှစ်ထပ်မဝတ်ကြနှင့်ဟုမိန့်မှာ တော်မူ၏။ တစ်ဖန်သူတို့အားကိုယ်တော်မိန့်တော်မူသည်ကား၊ မည်သည့်အရပ်တွင်မဆို အိမ်တစ်အိမ်သို့သင်တို့ ဝင်ကြ သော အခါထိုအရပ်မှထွက်ခွာမသွားမီတိုင်အောင် ထိုအိမ်မှာနေကြလော။ သင်တို့ကိုလက်မခံဘဲ၊ သင်တို့၏စကားကိုနား ထောင်ရန်ငြင်းဆန်သောသူတို့ရှိလျှင် သူတို့ထံမှထွက်ခွာသောအခါသူတို့အတွက် ဆန့်ကျင်ဘက်ဖြစ်ကြောင်းသက်သေပြ ခြင်းငှာသင်တို့ခြေမှမြေမှုန့်ကို ခါပစ်ကြလော့ဟုမိန့်တော်မူ၏။ တပည့်တော်တို့သည်ထွက်သွားကြ၍၊ လူများနောင်တ တရား ရစေခြင်းငှာဟောပြောကြ၏။ သူတို့သည်များစွာသောနတ်ဆိုးများကိုနှင်ထုတ်ကြ၍၊ မကျန်းမာသူများစွာကိုလည်း ဆီနှင့်လူးကြသဖြင့်ပျောက်ကင်းချမ်းသာရစေကြ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။